# ဒိုင်စားတဲ့ ပွဲ



အရှင်ဉာဏိက

ဘောလုံးကစားပွဲတစ်ခုမှာ ဒိုင်ရဲ့မှားယွင်းတဲ့ဆုံးဖြတ်ချက်ကြောင့် (ကံကြမ္မာမှတစ်ပါး) အစစ အရာရာ သာလွန်တဲ့ အသင်းက ရှုံးနိမ့်သွားတယ်။ ဒါကိုကြည့်ပြီး ဘောလုံးပွဲသုံးသပ်သူတစ်ဦးက ဟိုအလျင် သီတင်းပတ်ထဲတုံးက ဒီအသင်းက ဒိုင်ရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် အခွင့်အရေးအချို့ ရခဲ့တယ်။ ဒီတစ်ပတ်မှတော့ ဒီဒိုင်ရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် အခွင့်အရေးအချို့ ဆုံးရှုံးရတယ်။ သာတဲ့အခါ သာ၊ နာတဲ့အခါ နာတတ်တာ။ ဖြစ်လေ့ဖြစ်ထပါ။ ဒါဟာ ဘောလုံးပွဲမှသာ မဟုတ်ပါဘူး။ ဘဝမှာလည်း ဒီလိုပါပဲ။ ဒါကိုက ဘဝပါပဲလို့ ပြောခဲ့တာကို ဖတ်ရတယ်။

သူ့ပြောစကားဖတ်လိုက်ရတော့ စိတ်က ဘောလုံးပွဲသတင်းကနေ အပြင်ကို ဖြန့်ထွက်သွားတယ်။ ဘဝဆိုတာရယ်၊ အနိုင် အရှုံး၊ ဒိုင်၊ ကံကြမ္မာ၊ သာခြင်း နာခြင်းစတဲ့အရာတွေက ခေါင်းထဲကို တိုးဝင်လာတယ်။ ဒီအကြောင်းအရာတွေက စဉ်းစားဖို့ ဖြစ်လာတယ်။

ဘဝဆိုတာ ဘာလဲဆိုပြီး ကိုယ့်နည်းနဲ့ကိုယ် အဓိပ္ပါယ်ဖွင့်ကြတာတွေ အများကြီးရှိတယ်။ တန်ဖိုးရှိတဲ့ ဘဝဆိုတာ ဘာလဲရယ်လို့ သတ်မှတ်ပုံတွေလည်း အမျိုးမျိုးရှိတယ်။ဘာသာရေးအမြင်၊ လူမှုရေးအမြင်။ နိုင်ငံရေးအမြင်။ ရပ်တည်ပုံအခြေခံ ကွဲပြားမှုကြောင့် သုံးသပ်ပုံခြင်းလည်း ကွဲပြားကြတယ်။ လူတစ်ဦးချင်းစီရဲ့ ဘဝအဓိပ္ပါယ်ဖွင့်ဆိုပုံ၊ ဘဝအပေါ် ခံယူသုံးသပ်ပုံတွေဟာ အများလက်ခံထားတဲ့ ဘဝအဓိပ္ပါယ်နဲ့ ကွဲပြားကောင်းလည်း ကွဲပြားပေလိမ့်မယ်။

ဘဝဆိုတာ မွေးဖွားခြင်းနဲ့ သေခြင်းအကြား ကာလတစ်ခုကိုပဲ ဆိုလိုတာလား။ ဒါမှ မဟုတ်၊ လူသေသွားပေမယ့် တစ်ဦးတစ်ယောက် ရှင်သန်နေစဉ်မှာ ပြုလုပ်သွားခဲ့တဲ့ အပြုအမူတွေကြောင့် သူသေလွန်သွားသည့်တိုင် သူ့ရဲ့အမည် ဆက်လက်ရှင်သန်နေခဲ့တာမို့ ဘဝဆိုတာ မွေးခြင်းနဲ့သေခြင်းရဲ့ကြား ကာလလေးမျှသာမက ဒီထက်ပိုမိုပါတယ်လို့ ပြောနိုင်မလား။ ဘဝနဲ့စပ်ကာ ဆက်စပ်တွေးတောစရာတွေက အလွန်များပါတယ်။ ဒီမှာတော့ ဘဝအဓိပ္ပါယ်နဲ့ ဘဝတန်ဖိုးကို ပြောလိုခြင်းမဟုတ်လို့ ဒီအတွက် အကျယ်မပြောလိုပါဘူး။

အသေချာဆုံးအရာကတော့ ဘဝဆိုတာကို လက်ခံလိုက်ရတာနဲ့ ဘဝနဲ့အတူ တွဲပါလာတဲ့အရာများကို လည်း လက်ခံကြရခြင်းပဲဖြစ်တယ်။ အဲဒီအထဲမှာ ကြည်နူးမှုတွေ၊ ဝမ်းနည်းမှုတွေ၊ အောင်မြင်ခြင်းတွေ၊ ကျရှုံးခြင်းတွေ၊ ပေါင်းဖော်ခြင်းတွေ၊ ကွဲကွာခြင်းတွေစတဲ့ အကောင်းအဆိုးတွေ အမြောက်အများ ပါဝင်တယ်။

ဘဝတစ်ခုဆိုတာ သတ်မှတ်နိုင်ဖို့ အချိန်ကာလ အခိုက်အတန့်တစ်ခုတော့ လိုပေလိမ့်မယ်။ ဒီအခိုက်အတန့်လေးထဲမှာပဲ ထိုက်သင့်တဲ့နေရာလေးတစ်နေရာမှာ ခန့်ခန့်လေး ရပ်တည်နေနိုင်စေဖို့ ရုန်းကန်လှုပ်ရှားရတာတွေကလည်း ဒုနဲ့ဒေးပါ။ ရုန်းကန်တဲ့အခါမှာလည်း ကိုယ်တစ်ဦးတည်းသက်သက် ရုန်းကန်ရတာထက် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့သူတစ်ဦးဦးနဲ့ တစ်နည်းနည်းနဲ့ ယှဉ်ပြိုင်လှုပ်ရှားရတာက များတတ်ပါတယ်။

အသိပညာရှာတဲ့နေရာ၊ စီးပွားဉစ္စာရှာဖွေရာ၊ အားကစားတွေမှာ၊ ကုန်ကုန်ပြောရလျင်ဖြင့် တရားအသိရှာဖွေရာမှာပင် အားကျအတုယူစရာ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ ဂုဏ်ကိုမှီနိုင်စေဖို့ ယှဉ်ပြိုင်မှုတစ်ခုခုကို ပြုလုပ်ကြရတတ်ပါတယ်။ အနည်းဆုံးတော့ မနက်ဖန်ကိုယ်ဟာ ဒီနေ့ကိုယ်ထက်သာလွန်ဖို့ တစ်ဦးထဲဖြစ်စေဦးတော့ ယှဉ်ပြိုင်နေကြရတာ၊ လောကဓမ္မတာပါပဲ။

တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ကို အမှီလိုက်နိုင်စေဖို့၊ တန်းတူဖြစ်စေဖို့၊ သူတို့ထက် သာလွန်စေဖို့စတဲ့ အကြောင်းအမျိုးမျိုးနဲ့လည်း ယှဉ်ပြိုင်နေရတတ်တာ။ ပြီးဆုံးနိုင်တယ်ဆိုတာ ရှိတာမှ မဟုတ်တာ။ မပြီးဆုံးနိုင်တဲ့ ပြိုင်ပွဲတွေမှာ ကောင်းစိတ်ကောင်းတွေးနဲ့ ကောင်းသောယှဉ်ပြိုင်ခြင်း ဖြစ်စေဖို့တော့ အမှန်လိုအပ်ပါတယ်။

ယှဉ်ပြိုင်မှုတွေမှာ တခါခါ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုဆိုတာ ပါတတ်ပါတယ်။ စွမ်းရည်တွေ ဘယ်လောက်ပဲ မြင့်မားမြင့်မား၊ ကြိုးစားအားထုတ်မှု ဘယ်လိုပဲရှိရှိ၊ ကံကြမ္မာက အခွင့်မပေးရင် ပြိုင်ပွဲမှာ အရှုံးနဲ့ ရင်ဆိုင်ရတတ်တာမျိုးလည်း ရှိတတ်ပါတယ်။ တစ်ကြိမ်နဲ့ မနိုင်နိုင်လို့ အကြိမ်ကြိမ်အခါခါ ယှဉ်ပြိုင်ကြရတာမျိုး၊ အကြိမ်ကြိမ်ကြိုးစားသည့်တိုင် ထပ်ကာပဲ အရှုံးနဲ့ချည်းသာ ရင်ဆိုင်ရတာမျိုးလည်း ရှိပါတယ်။

အကြောင်းကြောင်းကြောင့် ယှဉ်ပြိုင်ရတတ်တဲ့ ပြိုင်ပွဲများမှာ အမှားနည်းစေဖို့၊ တရားသဖြင့်ယှဉ်ပြိုင်ခြင်းဖြစ်စေဖို့ ဒိုင်ဆိုတာ ထားတတ်ကြတယ်။ ကျားပွဲတစ်ပွဲလို၊ စစ်တုရင်တစ်ပွဲလို ဒိုင်မလိုတဲ့ ကစားပွဲမျိုးရှိသလို ဘောလုံးပွဲလို လက်ဝှေ့ပွဲလို ဒိုင်လိုတဲ့ ပွဲမျိုးလည်း ရှိတတ်ပါတယ်။ ဒိုင်ဆိုတာ စည်းကမ်းထိန်းသိမ်းပေးဖို့၊ မျှမျှတတ ဖြစ်စေဖို့စတဲ့အကြောင်းများကြောင့် ထားပေးခြင်းဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် အချို့ကစားပွဲများမှာတော့ ဒိုင်ကြောင့်ပဲ အမှားဖြစ်ရတာမျိုး၊ ရှုံးသင့်သူက နိုင်၊ နိုင်သင့်သူက ရှုံးရတာမျိုးလည်း ရှိနိုင်ပြန်ပါတယ်။

သာမန်လူသားတစ်ဦးပင်ဖြစ်တဲ့ ဒိုင်တွေမှာလည်း သာမန်သူတွေမှာရှိတဲ့ ချစ်ခြင်းအစွဲ၊ မုန်းခြင်းအစွဲ၊ မကျွမ်းကျင်ခြင်းအစွဲတွေကြောင့် ဘက်လိုက်တဲ့ လွဲမှားတဲ့ ဆုံးဖြတ်ချက်ချခြင်းမျိုးလည်း ဖြစ်တတ်ပါ

တယ်။ အများနဲ့ကစားကြတဲ့ အားကစားပွဲမျိုးမှာ သာမန်အများတကာမြင်နိုင်တဲ့ အမှားမျိုးကို ဒိုင်က မမြင်တတ်တာမျိုးကိုလည်း တွေ့ဖူးကြမှာပါ။

သာမန်အားကစားပွဲမဟုတ်တဲ့ ဘဝထဲက ပြိုင်ပွဲအမျိုးမျိုးမှာ လိုချင်လို့ပဲဖြစ်ဖြစ်၊ လိုအပ်လို့ပဲဖြစ်ဖြစ်၊ သိသိနဲ့ပဲဖြစ်ဖြစ်၊ မသိလျက်ပဲဖြစ်ဖြစ်၊ တာဝန်ပေးလို့ပဲဖြစ်ဖြစ်၊ မပေးပဲနဲ့ပဲဖြစ်ဖြစ်၊ ကိုယ်ကိုယ်တိုင် ဒိုင်နေရာကနေ ပါဝင်လိုက်ရတာမျိုးတွေလည်း အများကြီးရှိတတ်ပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေ အကြား၊ သားသမီးတွေကြား၊ တပည့်တွေကြား၊ စသဖြင့် အကြားပေါင်းများစွာမှာ အလုပ်အားဖြင့်၊ အပြောအားဖြင့်၊ စိတ်ဓာတ်အားဖြင့်၊ မျှမျှတတဖြစ်စေရေး ကြားဝင်ပေးလိုက်ရတဲ့အခါမျိုးမှာ ကိုယ်ဟာ ဒိုင်တစ်ဦး အလိုအလျောက် ဖြစ်သွားတတ်ပါတယ်။

ကိုယ်ကိုယ်တိုင် ဒိုင်နေရာက ပါဝင်လိုက်ရတဲ့အခါမျိုးမှာ ကိုယ့်ရဲ့ အချစ်စွဲ အမုန်းစွဲ မသိစွဲတစ်ခုခုအခြခံတဲ့ ဆုံးဖြတ်ချက်အမှားကြောင့် တစ်ဦးတစ်ယောက်ဘဝမှာ နာကျင်ထိခိုက်သွားတာမျိုးလည်း ရှိကောင်းရှိနိုင်ပါလိမ့်မယ်။ နှုတ်ကထုတ်မပြော၊ ကိုယ်နဲ့ကိုယ်တိုင် မလုပ်ခဲ့လေသည့်တိုင် ကိုယ့်စိတ်ထဲမှာ စွဲမှတ်ထားလိုက်တဲ့ ဘက်လိုက်တဲ့အမှားမျိုးကိုလည်း ကျူးလွန်မိတတ်ပါတယ်။ ချစ်ခင်သူပြောတဲ့စကားကို ယုံစားလိုက်လို့ ကိုယ်တစ်ခါမှ မတွေ့မကြုံဖူးတဲ့သူကို နာမည်ကြားယုံမျှနဲ့ပဲ ဒီလူက ဘယ်လိုလူပဲ၊ ဒီ အမျိုးသမီးကတော့ ဘာပဲစသဖြင့် တင်ကြိုသတ်မှတ် ဆုံးဖြတ်မိလိုက်တာမျိုးလည်း ရှိတတ်ပါတယ်။

အဖြူက ဘာဖြစ်တယ်။ အမဲတွေက ဘယ်လိုပဲ။ တရုတ်ကတော့ ဘယ့်နယ်။ ကုလားကတော့ ဘယ်လို ရယ်လို့ လူမျိုးစွဲ စွဲမှတ်လိုက်တဲ့အမှားတွေ။ အသက်ကြီးသူတွေက ဘယ်လို ဂကြီးဂကြောင်များတယ်။ ငယ်သူတွေကတော့ ဗရုတ်သုက္ခ စည်းကမ်းမရှိဘူးစသဖြင့် အရွယ်နဲ့စပ်လို့ စွဲမှတ်ထားတဲ့ ဆုံးဖြစ်ချက်အမှားများလည်း ရှိတတ်ပါတယ်။

သူ့ဘာသာ၊ ကိုယ့်ဘာသာ၊ သူ့ပါတီ ကိုယ့်ပါတီ၊ သူ့နိုင်ငံ ကိုယ့်နိုင်ငံ၊ သူ့ဒေသ ကိုယ့်ဒေသစတာတွေကို အခြေခံပြီး စိတ်ထဲမှာ စွဲမှတ်ထားတဲ့ အစွဲအမှတ်တွေကလည်း အများသားပါ။ ဒီစွဲမှတ်ထားတာတွေ အရင်းခံကာ သူ့သာသာဝင်ဆိုရင် ဘယ်လိုပဲ၊ သူ့ပါတီဝင်ဆိုရင်ဖြင့် ဒီနည်းပဲဖြစ်မှာပေါ့ရယ်လို့ ကိုယ့် အစွဲနဲ့ကိုယ် ကြိုတင်စွဲမှတ်ထားတဲ့ ပုံသေခြင်း အလွဲအမှားတွေလည်း အမြောက်အများရှိတတ်ပါတယ်။

ဘယ်လိုအစွဲနဲ့ လွဲမှားတဲ့ သတ်မှတ်ချက်ပင် ဖြစ်ပစေ။ ဘက်လိုက်မှုတစ်ခုခုကိုတော့ ဖြစ်စေတတ်တာ အမှန်ပါပဲ။ ဘက်လိုက်တယ်ဆိုကတဲကိုက ဘယ်မှာ မျှတခြင်းဆိုတာ ဖြစ်လေပါတော့မလဲ။ ဒါကြောင့် ဘယ်နေရာ၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ဆုံးဖြတ်သတ်မှတ်ချက်အမှားကြောင့် ဒိုင်အမှား မဖြစ်ရလေအောင် သတိပြုဖို့ လိုပါတယ်။ ဒိုင် မစားဖို့ကိုတောဖြင့် ပိုလို့ပင် အထူးပဲလိုအပ်ပါတယ်။

အထူးသဖြင့်တော့ အများကြားမှာ ဆုံးဖြတ်ရတဲ့ ဒိုင်နေရာမှာထက် ကိုယ့်တစ်ဦးတည်းယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲမျိုးမှာ ကိုယ်ကိုယ်တိုင် ဒိုင်လုပ်ရတာမျိုးလည်း ရှိပါတယ်။ အဲဒီအခါမျိုးမှာ ဘက်လိုက်ပြီး မဆုံးဖြတ်မိစေဖို့၊ အမှားမလုပ်မိစေဖို့ အထူးပဲအရေးကြီးပါတယ်။

နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ ခက်ခဲခြင်း၊ လွယ်ကူခြင်း၊ ကောင်းကျိုးဖြစ်စေခြင်း၊ ဆိုးကျိုးဖြစ်စေခြင်း စသဖြင့် ဆန့်ကျင်ဖက်အရာမျိုးက လောကထဲမှာ နေထိုင်နေကြရသူတွေအဖို့ အမြဲတမ်း ကြုံတွေ့နေရတာမျိုးပါ။ ဒီလိုကြုံလာတဲ့အခါ တစ်ခုခုကို မဖြစ်မနေ ရွေးချယ်ရတာမျိုး ရှိတတ်ပါတယ်။ ကိုယ့်စိတ်က ဘယ်ဖက်ကိုလိုက်မလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးရတာမျိုး၊ ဆုံးဖြတ်ပေးရတာမျိုး ကြုံတွေ့ရတတ်ပါတယ်။ ဒီအခါမျိုးမှာ ကိုယ့်အနိုင်ပေးလိုတဲ့ဖက်ကို ကိုယ့်ဆုံးဖြတ်ချက်က အလေးသာအောင် အကြောင်းအမျိုးမျိုး၊ ဆင်ခြေအမျိုးမျိုးပြလို့လည်း နေမိတတ်ပါတယ်။

သေချာပါတယ်။ ဒီအခါမျိုးမှာ ဆုံးဖြတ်မယ့် ကိုယ့်ဆုံးဖြတ်ချက်ဟာ ကိုယ့်စိတ်ရဲ့လိုအပ်ချက်ကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မယ့် ဖက်ကိုသာ အနိုင်ပေးပါလိမ့်မယ်။ ကိုယ့်စိတ်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးမယ့်အရာဆိုတာကလည်း ကောင်းမှု မကောင်းမှုနှစ်ခုပြုလုပ်ဖို့ ရွေးချယ်ရရင် စိတ်က မကောင်းမှုကိုသာ ရွေးချယ်တာ များပေလိမ့်မယ်။ စိတ်ကိုသာ သူ့အလိုကျ လွှတ်ပေးထားလိုက်ရင် မကောင်းတဲ့ဖက်ကိုပဲ အသာပေးသွားလိုက်မယ်။ ပါပသ္မိံ ရမတိ မနော= စိတ်က မကောင်းမှုမှာသာ ပျော်တယ်ပါတယ်တဲ့။ ဒီစကား ဘယ်လောက်မှန်ကန်ကြောင်းကို ကိုယ့်စိတ်ကိုယ် သေသေချာချာ ပြန်ဆင်ခြင်ကြည့်လျှင်ဖြင့် ကောင်းကောင်းသိမှာပါ။

အခြားသူတွေပါဝင်တဲ့ ယှဉ်ပြိုင်ပွဲတစ်ခုမှာ ဒိုင်ရဲ့ဆုံးဖြတ်ချက်အမှားက ဖြစ်သင့်တဲ့ ရလဒ်အမှန်ကို ပြောင်းပြန်အမှား ဖြစ်သွားစေနိုင်သလို နိုင်သင့်သူကိုလည်း ရှုံးသူဖြစ်စေတတ်ပါတယ်။သို့ပေမယ့် အရှုံးအနိုင်ရဲ့ ရလဒ်ကို ဒိုင်ကိုယ်တိုင် ခံစားရကောင်းမှ ခံစားရမယ်။ လောင်းကစားနည်းတစ်ခုမှာ ဒိုင်စားသွားတယ်ဆိုလျှင်လည်း ပါဝင်ကစားသူတွေ၊ ထိုးသားတွေသာ နစ်နာဆုံးရှုံးသွားတယ်။ စားတဲ့ဒိုင်က နစ်နာသွားတယ်ဆိုတာ မရှိဘူး။ အခြားသူတွေမပါဘဲ ကိုယ်တစ် ယောက်ထဲ ယှဉ်ပြိုင်ရတဲ့ ကောင်းမှုနဲ့ မကောင်းမှု နှစ်ခုယှဉ်ပြိုင်ပွဲမှာတော့ ကိုယ့်စိတ်ဒိုင်ရဲ့ ဆုံးဖြတ်ချက်အမှား၊ ဘက်လိုက်အမှားကြောင့် မကောင်းမှုဖက်က အနိုင်ရသွားမယ်ဆိုလျှင် အမှားဒဏ်ကို ခံရမယ့်သူဟာ ဒိုင်ကိုယ်တိုင်သာပဲ ဖြစ်တယ်။ စိတ်အလိုလိုက်ကာ သာတယ်အထင်နဲ့ စားလိုက်ပေမယ့် အစားခံရမည့်သူကလည်း ကိုယ်သာပဲဖြစ်တယ်။

လုံးဝ ဒိုင်မမှားသင့်တဲ့ပွဲ၊ ဒိုင်မစားသင့်တဲ့ပွဲတစ်ခုကို ပြပါဆိုလျှင်ဖြင့် အခြားသူတွေ မပါဘဲ ကိုယ်တစ်ဦးတည်းသာ ယှဉ်ပြိုင်ရတဲ့ပွဲဖြစ်တယ်လို့ ကိုယ်ကတော့ ဖြေပါမယ်။ ။